# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၇/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၅) ရက်

| ၅ - ၉ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၃၀.၇ |
| စင်္ကာပူဒေါ်လာ | ၁,၆၁၃.၃ |
| စတာလင်ပေါင် | ၂,၇၆၅.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၆၂.၁ |
| တရုတ်ယွမ် | ၂၉၅.၈၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၃၈ |
| အိန္ဒိယရူပီး | ၂၅.၀၀၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၂၄ |
| မလေးရှား ရင်းဂစ် | ၄၈၄.၃၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၄၀၆ |
| ထိုင်းဘတ် | ၆၂.၄၂၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၄၈၈၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

  - ရာသီဥတုနှင့် သက်တမ်းရင့်ဆီအုန်းပင်များကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပြဿနာရပ်များနှင့် ရင်ဆိုင်နေရသည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ
  - မိုးရွာခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများသည် အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်၏ ရိတ်သိမ်းခါနီးဖြစ်သည့် ဝါဂွမ်းနှင့် မြေပဲသီးနှံများအပေါ် သက်ရောက်မှုရှိ
  - ရုရှားနိုင်ငံသို့ တရုတ်လက်ဖက်ခြောက်တင်ပို့မှု ၂၁ ရာခိုင်နှုန်းတိုးတက်

- **အထွေထွေသတင်းများ**

  - ကော်လ်ကတ္တားဆိပ်ကမ်း (SMP- Kolkata) သည် Haldia နှင့် UAE နိုင်ငံ အကြား တိုက်ရိုက်ကုန်တင်ဝန်ဆောင်မှုကို စတင်မိတ်ဆက်
  - ရုရှားနိုင်ငံ၏ GDP သည် ယခုနှစ်ပထမနှစ်ဝက်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ဟု သမ္မတပူတင် ပြောကြား

## ရာသီဥတုနှင့် သက်တမ်းရင့်ဆီအုန်းပင်များကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပြဿနာရပ်များနှင့်ရင်ဆိုင်နေရသည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ

သက်တမ်းရင့်ဆီအုန်းပင်များနှင့် ခြောက်သွေ့ရာသီဥတုတို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းခူးဆွတ်နိုင်မှုအလားအလာမှာ နည်းပါးလျက်ရှိကြောင်း၊ ယင်းနှင့်ဆက်စပ်၍ ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ဖြူးနိုင်မှုကို နည်းပါးစေနိုင်ပြီး ဈေးနှုန်းမြင့်တက်မှုများ ဖြစ်လာနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association – GAPKI) က သတင်းထုတ်ပြန်ခဲ့ပါသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association – GAPKI) နှင့် အင်ဒိုနီးရှားစားအုန်းဆီဘုတ်အဖွဲ့ (Indonesian Palm Oil Board – DMSI) တို့က ၂၀၂၄ ခုနှစ်၊ နှစ်အစပိုင်းတွင် ဆီအုန်းအထွက်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း ၂၀၂၄ ခုနှစ်တွင် ဆီအုန်းအထွက်နှုန်းမှာ ၂၀၂၃ ခုနှစ်အတိုင်း သို့မဟုတ် ၂၀၂၃ ခုနှစ်ထက် ၅ ရာခိုင်နှုန်းလျော့နည်းမည်ဟု ထပ်မံခန့်မှန်းထားပါသည်။

မလေးရှားနိုင်ငံသည်လည်း သက်တမ်းရင့်ဆီအုန်းအပင်များနှင့် အလုပ်သမားမလုံလောက်မှုတို့ကြောင့် ထုတ်လုပ်မှုပြဿနာများနှင့် ရင်ဆိုင်နေရသည့်အတွက် ကမ္ဘာ့ဆီအုန်းအရန်ထားရှိသည့် ပမာဏမှာ ၃ နှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလိမ့်မည်ဟု အမေရိကန်နိုင်ငံက ခန့်မှန်းထားပါသည်။ သြဂုတ်လ အစောပိုင်းအစီရင်ခံစာအရ အမေရိကန်ပြည်ပစိုက်ပျိုးရေး ဝန်ဆောင်မှု (USA Foreign Agricultural Service) က ဇန်နဝါရီလမှ ဇွန်လအထိ အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူက ထုတ်လုပ်နိုင်ခဲ့သည့် ပမာဏထက် ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ခန့်မှန်းထားပါသည်။

အင်ဒိုနီးရှားနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ဆီအုန်းတန်ချိန် ၅၄.၈ သန်းထုတ်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅၂ သန်းမှ ၅၃ သန်းအထိ ထုတ်လုပ်နိုင်မည်ဟု အင်ဒိုနီးရှားစားအုန်းဆီအသင်းက ခန့်မှန်းထားပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ အဓိကဆီအုန်းစိုက်ပျိုးသည့် ဒေသများ၏ ၃ ပုံ ၁ ပုံတွင် ဇူလိုင်လ၌ ပုံမှန်မိုးရေချိန်ထက်လျော့နည်းခဲ့ပြီး သြဂုတ်လအထိ မိုးရေချိန်လျော့နည်းခဲ့ကြောင်း၊ ဆီအုန်းထုတ်လုပ်မှုသည် ၅ ရာခိုင်နှုန်းလျော့ကျနိုင်ကြောင်း ခန့်မှန်းထားပါသည်။

“အရွယ်ရောက်ပြီး ဆီအုန်းအပင်များကလည်း ဆီအုန်းလုပ်ငန်းအတွက် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ အသေးစားစိုက်ပျိုးထုတ်လုပ်သူများ၏ ဆီအုန်းအပင်များမှာ ၂၅ နှစ်ကျော် သက်တမ်းရှိအပင်များဖြစ်ပြီး အစားထိုးပြန်လည်စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ဆီအုန်းထုတ်လုပ်မှုသည် အချို့သောစိုက်ကေများတွင် တစ်ဧကလျှင် ၈၃၀ ကီလိုဂရမ်မှ ၇၀၀ ကီလိုဂရမ်နီးပါး ကျဆင်းလျက်

ရှိကြောင်း” အင်ဒိုနီးရှားစားအုန်းဆီဘုတ်အဖွဲ့၏ ခေတ္တဥက္ကဋ္ဌ Sahat Sinaga က ပြောကြားခဲ့ပါသည်။ ဘုတ်အဖွဲ့က ၂၀၂၄ ခုနှစ်အတွက် ဆီအုန်းထုတ်လုပ်မှုမှာ ၃ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။

ဆီအုန်းအဓိကစိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ထုတ်လုပ်မှုကျဆင်းလျက်ရှိရာ ကမ္ဘာ့ဈေးကွက်သို့ ဆီအုန်းဝင်ရောက်မှုကျဆင်းမည်ဖြစ်ပြီး ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် မြန်မာနိုင်ငံ၏ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ စားအုန်းဆီတင်သွင်း တင်ပို့မှုများတွင် ချိန်ညှိဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး

စက်ာပူ

ရင်းမြစ်။ Indonesian Palm Oil Association – GAPKI

## မိုးရွာခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများသည် အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်၏ ရိတ်သိမ်းခါနီးဖြစ်သည့် ဝါဂွမ်းနှင့် မြေပဲသီးနှံများအပေါ် သက်ရောက်မှုရှိ

အိန္ဒိယနိုင်ငံ၏အကြီးဆုံး ဝါဂွမ်းနှင့် မြေပဲစိုက်ပျိုးသည့်ဒေသဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများနှင့် လေပြင်းများဆက်လက်ဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းထားကြောင်းနှင့် ရေကြီးမှုအန္တရာယ်မြင့်တက်လျက်ရှိကြောင်း၊ ထို့ကြောင့် ရိတ်သိမ်းရန် သီတင်းပတ်မျှသာလိုတော့သည့် သီးနှံများအပေါ်သက်ရောက်မှုရှိနိုင်ကြောင်း သိရှိရပါသည်။

ဂူဂျာရတ်ပြည်နယ်အနောက်ပိုင်းရှိ Saurashtra နှင့် Kachchh ဒေသများတွင် လာမည့်စနေနေ့အထိ သုံးရက်တိုင် မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်းနှင့် ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းငယ်သည် သောကြာနေ့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၈၅ ကီလိုမီတာ (၅၃ မိုင်) အထိ မြင့်တက်လာနိုင်ကြောင်း ကြာသပတေးနေ့ထုတ် မိုးလေဝသစာစောင်တွင် ဖော်ပြထားသည်။

ဝါဂွမ်းပင်များပျက်စီးဆုံးရှုံးမှုသည် ယခုနှစ်တွင် ၁၅ ရာခိုင်နှုန်းနီးပါးကျဆင်းနေသည့် ကမ္ဘာ့ဝါဂွမ်းဈေးကိုဖိအားပေးနိုင်သကဲ့သို့ ပြည်ပမှဝယ်ယူမှုများလည်း မြင့်တက်လာနိုင်ပါကြောင်း၊ မြေပဲထုတ်လုပ်မှုကျဆင်းခြင်းသည်လည်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရသည့် ၆၀ ရာခိုင်နှုန်းခန့်သော ဟင်းသီးဟင်းရွက်ဆီ ကုန်စည်ထောက်ပံ့မှုကို အခက်အခဲဖြစ်စေနိုင်ကြောင်း သိရှိရပါသည်။

Agribusiness Trade

ယခုသီတင်းပတ်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်၏ အချို့နေရာများတွင် လျှပ်တစ်ပြက်ရေကြီးမှုများ ကြုံတွေ့နေရပြီး ၂၄ နာရီအတွင်း တစ်မြို့လုံး မိုးရေချိန် ၃၀၀ မီလီမီတာအထိရွာသွန်းခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Rains, cyclone threaten Gujarat's cotton and peanut crops ahead of harvest, The Economic Times, 30 August 2024.

.........................................................................................................

## ရုရှားနိုင်ငံသို့ တရုတ်လက်ဖက်ခြောက်တင်ပို့မှု ၂၁ ရာခိုင်နှုန်းတိုးတက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ဇန်နဝါရီလမှ ဇူလိုင်လအထိ တရုတ်လက်ဖက်ခြောက်ထုတ်လုပ်သူများ၏ လက်ဖက်ခြောက်တင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ချိန်အားဖြင့် ၁၀,၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂ သန်းအထိရှိကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)၏ အချက်အလက်များအရ သိရှိရသည်။

တရုတ်မှ ရုရှားသို့ တင်ပို့သော လက်ဖက်ခြောက်များအနက် Green Tea အမျိုးအစားသည် ၆၆ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၆,၆၀၀ ကျော်)၊ Oolong Tea အမျိုးအစားသည် ၁၅ ရာခိုင်နှုန်းခန့်၊ ရုရှားလူမျိုးများအတွက် ရိုးရာလက်ဖက်ခြောက်နှင့် တူသော Black Tea အမျိုးအစားသည် ၁၄ ရာခိုင်နှုန်းခန့်နှင့် Jasmine Tea သည် ၃.၆ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ၇ လတာကာလအတွင်း တရုတ်လက်ဖက်ခြောက်တင်သွင်းသည့်နိုင်ငံများအနက် ဝယ်ယူမှုတန်ဖိုးအရ မော်ရိုကို(ဒေါ်လာ ၁၂၃.၅ သန်း)၊ ဂါနာ( ဒေါ်လာ ၉၅.၂ သန်း)၊ မလေးရှား(ဒေါ်လာ ၅၃ သန်း)၊ မော်ရီတေးနီးယား(ဒေါ်လာ ၃၆.၇ သန်း)နှင့် ရုရှား(ဒေါ်လာ ၃၂ သန်း) သည် ပဉ္စမနေရာတွင် ရှိနေသည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်တန်ချိန် ၁၄,၇၄၇ တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅၄ သန်းခန့်ရှိခဲ့ကာ ၂၀၂၂ ခုနှစ်ထက် ၂၂ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ လက်ဖက်ခြောက်များ တင်သွင်းခဲ့သော်လည်း ပမာဏအားဖြင့် တင်ပို့မှုထက် သိသိသာသာ လျော့နည်းခဲ့သည်။

Agribusiness & Trade

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်အဓိကတင်ပို့ခဲ့သော နိုင်ငံများမှာ အိန္ဒိယ (၃၄,၂၈၀ တန်)၊ သီရိလင်္ကာ(၂၂,၆၁၄ တန်)၊ တရုတ်(၁၄,၇၄၇ တန်)၊ ကင်ညာ (၁၃,၈၇၉ တန်)နှင့် အင်ဒိုနီးရှား(၄,၅၃၈ တန်) စသည့်နိုင်ငံတို့ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် နှစ်စဉ် လက်ဖက်ခြောက် တန်ချိန် ၁ သိန်းနှင့်အထက် တင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့နိုင်သည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/21657393

## ကော်လ်ကတ္တားဆိပ်ကမ်း (SMP- Kolkata) သည် Haldia နှင့် UAE နိုင်ငံအကြား တိုက်ရိုက်ကုန်တင်ဝန်ဆောင်မှုကို စတင်မိတ်ဆက်

ကော်လ်ကတ္တားဆိပ်ကမ်း၊ Syama Prasad Mookerjee Port (SMP- Kolkata) သည် ကုန်သေတ္တာတင် သင်္ဘောဝန်ဆောင်မှုအသစ်ဖြစ်သော ဘင်္ဂလား-အရှေ့အလယ်ပိုင်း ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု (Bengal Middle East Express- BMex) ကို စတင်မိတ်ဆက်ကြောင်း ဩဂုတ်လ ၃၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ မဟာဗျူဟာမြောက် ပဏာမခြေလှမ်းသည် ယူအေအီး (UAE) နိုင်ငံရှိ Jebel Ali ဆိပ်ကမ်းနှင့် ကော်လ်ကတ္တားဆိပ်ကမ်း၊ Haldia Dock Complex (HDC) တို့ကို ချိတ်ဆက်ရန် စီစဉ်ထားပြီး ဒေသတွင်း ကုန်သွယ်မှုလမ်းကြောင်းများအနက် သိသာထင်ရှားသောတိုးတက်မှုကို အမှတ်အသားပြုလျက် ရှိသည်။ BMEx ဝန်ဆောင်မှုသည် Haldia-Chittagong-Jebel Ali-Haldia လမ်းကြောင်းအတိုင်း လည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အဓိက ဆိပ်ကမ်းများအနက် တစ်ခုဖြစ်သော Jebel Ali ဆိပ်ကမ်းနှင့် အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသရှိ စက်မှုအချက်အချာနေရာများကို တိုက်ရိုက်ချိတ်ဆက်ပေးမည် ဖြစ်သည်။

ဒေသတွင်း ပို့ကုန်လုပ်ငန်းရှင်များနှင့် တင်သွင်းသူများအတွက် နိုင်ငံဖြတ်သန်း ကုန်သွယ်မှုနှင့် ကုန်ကျစရိတ်များကို လျှော့ချရန် အဓိကခြေလှမ်းတစ်ရပ်အဖြစ် အဆိုပါ BMEx လမ်းကြောင်းကို စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ကုန်စည်များကို အစဉ်အလာအတိုင်း တင်ပို့ရာတွင် ရေယာဉ်လမ်းကြောင်းပိတ်ဆို့မှုနှင့် လုပ်ငန်းလည်ပတ်မှု နှောင့်နှေးမှုများကြောင့် မကြာခဏဆိုသလို နိုင်ငံဖြတ်သန်းကုန်သွယ်ချိန် ပိုမိုကြာမြင့်ပြီး ကုန်ကျစရိတ်ကြီးမြင့်သော သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းများအပေါ် မှီခိုနေရသည်။ BMEX လမ်းကြောင်းသည် အဆိုပါ ဆိပ်ကမ်းများကို ကျော်ဖြတ်၍ ပိုမိုထိ

Agribusiness & Trade

ရောက်ပြီး တိုက်ရိုက်ပို့ဆောင်နိုင်ကာ ထောက်ပံ့ရေးကွင်းဆက်၏ ယုံကြည်စိတ်ချရမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဟု သိရသည်။

အဆိုပါ ဝန်ဆောင်မှုသည် စီးပွားရေးလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာဈေးကွက်များသို့ ပိုမိုကောင်းမွန်စွာ ဝင်ရောက်နိုင်စေမည်ဖြစ်ကာ ဖောက်သည်များ၏ တောင်းဆိုချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

BMEx ဝန်ဆောင်မှုသည် စင်ကာပူသင်္ဘောကုမ္ပဏီ (Singapore Ocean Salute Line) နှင့် MBK Logistix တို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်တစ်ခုဖြစ်သည်။ ကော်လ်ကတ္တားဆိပ်ကမ်း (SMP– Kolkata) နှင့် ၎င်း၏ ပါဝင်သက်ဆိုင်သူအားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်မှုသိသိသာသာတိုးတက်စေရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။ Yong Yue 11 အမည်ရှိ ကုန်တင်သင်္ဘောသည် အဆိုပါ ဝန်ဆောင်မှုအသစ်၏ တရားဝင်စတင်ခြင်း အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၆ ရက်နေ့တွင် Haldia Dock Complex သို့ ရောက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။

SMP– Kolkata ၏ ဥက္ကဋ္ဌ Rathendra Raman က Haldia နှင့် Jebel Ali အကြား တိုက်ရိုက်ဆက်သွယ်မှုကို တည်ဆောက်ရုံသာမက လမ်းကြောင်းသစ်များဖွင့်ပေးသည့် Bengal Middle East Express ဝန်ဆောင်မှုကို မိတ်ဆက်ပေးနိုင်သည့်အတွက် ဂုဏ်ယူမိကြောင်း ပြောကြားခဲ့ပါသည်။ ဒေသတွင်းကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုများအားကောင်းလာစေရန်နှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရာတွင် အဆိုပါ ဝန်ဆောင်မှု၏ မဟာဗျူဟာမြောက် အရေးပါမှုကို အလေးပေး ပြောကြားခဲ့သည်။

SMP– Kolkata အနေဖြင့် BMEx ပဏာမခြေလှမ်းကို ပိုမိုပံ့ပိုးရန် ရည်ရွယ်၍ အရှေ့တောင်အာရှ၊ အရှေ့ဖျားနှင့် အရှေ့အလယ်ပိုင်းဆိပ်ကမ်းများမှ တိုက်ရိုက်လာရောက်မည့် ကွန်တိန်နာသင်္ဘောများအတွက် သင်္ဘောနှင့် ပတ်သက်သည့် အခကြေးငွေများကို သိသာထင်ရှားသော လျှော့ဈေးများ သတ်မှတ်ထုတ်ပြန်၍ မက်လုံးပေးဆွဲဆောင်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ ကော်လ်ကတ္တားဆိပ်ကမ်း (SMP– Kolkata) မှ မကြာမီ စတင်ဖွင့်လှစ်သွားမည့် BMEx ဝန်ဆောင်မှုသစ်အကြောင်း သိရှိနိုင်ပါရန်နှင့် အဆိုပါ ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၊ စစ်တွေဆိပ်ကမ်းနှင့်လည်း ချိတ်ဆက်ထားသည့်အတွက် ထောက်ပံ့ပို့ဆောင်မှုလမ်းကြောင်းများ ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ပြီး နိုင်ငံတကာ ပင်လယ်ရေကြောင်းကုန်သွယ်မှုကို ကြီးစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

ရည်ညွှန်း။ India Business and Trade: Kolkata Port Launches Direct Cargo Service Between Haldia and UAE, August 30, 2024

Agribusiness & Trade

## ရုရှားနိုင်ငံ၏ GDP သည် ယခုနှစ်ပထမနှစ်ဝက်တွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ဟု သမ္မတပူတင် ပြောကြား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)သည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွက် ခန့်မှန်းချက်အရ ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ နိုင်ငံ၏စီးပွားရေး အခြေအနေသည် ယခင်နှစ်ကဲ့သို့ပင် ကောင်းမွန်သော အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်လျက် ရှိကြောင်း သမ္မတဗလာဒီမာပူတင်က စီးပွားရေးဆိုင်ရာအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စီးပွားရေးနှင့် လုပ်ခလစာများတိုးတက်မှုသည် ဖက်ဒရယ်ဘတ်ဂျက်အပေါ် အပြုသဘော ဆောင်သော သက်ရောက်မှုရှိပြီး ယခုနှစ်၏ ပထမခုနစ်လတွင် ဘတ်ဂျက်ဝင်ငွေသည် ယခင်နှစ် ထက် ၃၆ ရာခိုင်နှုန်း ပိုများခဲ့ကာ ရူဘယ်ထရီလီယံ ၂၀ နီးပါးရှိကြောင်း၊ ဘတ်ဂျက်ဝင်ငွေ၏ သုံးပုံနှစ် ပုံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့မှုအပေါ် မမှီခိုသည့် ဝင်ငွေများဖြစ်ကြောင်း သမ္မတက မှတ် ချက်ပြုသည်။

ဇွန်လတွင် နိုင်ငံတွင်း အလုပ်လက်မဲ့နှုန်းမှာ ၂.၄ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးအဖြစ် ဆက်လက် တည်ရှိနေပြီး ပြည်တွင်းစက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ လုပ်ငန်းများသည် စည်းချက်ညီညီဖြင့် တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထို့အပြင် အခြေခံအဆောက်အဦများ အားကောင်းစေခြင်း၊ ဒစ်ဂျစ်တယ် ပလပ်ဖောင်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အီလက်ထရွန်းနစ် ဝန်ဆောင်မှုလုပ်ငန်းများ မှတစ်ဆင့် ပြည်တွင်းကုမ္ပဏီ များ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ ဝင်ရောက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးပေးခြင်း၊ ပြည်ပနိုင်ငံများနှင့် ဒေသဆိုင်ရာလုပ်ငန်းများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင် ရွက်မှု တိုးမြှင့်ဆောင်ရွက်ခြင်းများ လိုအပ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၃.၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရှိရပါသည်။ အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)သည် ရုရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းကို ၃.၂ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်အတွက် ၁.၈ ရာခိုင်နှုန်း တိုးလာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါ သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240826/vvp-1968470931.html

.............................................................................................................

Agribusiness & Trade